ဘာသာပြန်စာရေးသူ – နွေဦး

# မျိုးနွယ်စုတို့
# အင်ပါယာ

စာစဉ်(၁၉)

# အခန်း ၁၈၁

# တွမ့်သယ်၏ ဝမ်းနည်းပူဆွေးမှု ဖရိုဖရဲ ခေါင်းလောင်းက သခင်အဖြစ် အသိအမှတ်ပြုခြင်း

*

အခြားတစ်ဘက်တွင်မူ လင်းမိသားစုသည် သင်္ချိုင်းဂူကို စောင့်ကြပ်ရန် အင်မော်တယ် ကောရာဇ် အဆင့်ရှိ စွမ်းအားရှင် တစ်ဦးအား စေလွှတ်ထားသည်ကို ဝူယီဖန်နှင့် တွမ့်သယ်တို့မှာ မသိရှိသေးပေ။ အကယ်၍ သူတို့သာ အရင်ကတည်းက ရောက်ရှိလာခဲ့လျှင်ဖြင့် ဝူယီဖန်သည် ၎င်းတို့ကို ကိုင်တွယ်နိုင်မည် မဟုတ်ဘဲ သူတို့ကို ခြိမ်းခြောက်ရန် ရှေးဟောင်းကန္တာရ မြင့်မြတ်နယ်မြေ၏ နောက်ခံကို အသုံးပြုရပေ

လိမ့်မည်။

သို့သော်လည်း ဂူယီဖန်သည် အခုအချိန်တွင် တဟားဟားဖြင့် ရယ်မောနေမည်သာ ဖြစ်သည်။

ပြီးပြည့်စုံသော ရှေးဟောင်း မြင့်မြတ် ခန္ဓာကိုယ်သည် နောက်ပြောင်စရာ မဟုတ်ချေ။ အင်မော်တယ် ဧကရာဇ် တစ်ပါးကို လက်သီး တစ်ချက်တည်းဖြင့် သတ်ဖြတ်ရန်မှာ ပြဿနာ မရှိပေ။

"သူတော်စင်... ရတနာတွေအများကြီးပဲ... ဒါ တွေ အားလုံးကို မင်းကိုပဲ ပေးရမလား"

ကြောက်မက်ဖွယ်ကောင်းလောက်အောင် များပြားလှသော မြှုပ်နှံထားသည့် ပစ္စည်းများကို ကြည့်ရင်း တွမ့်သယ်မှာ အခြား ဘာကိုမှ ဂရုမစိုက်တော့ဘဲ တဟားဟား ရယ်မောနေလေ၏။

ထိုအခါ ဂူယီဖန်က လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။

"မင်းကြိုက်တာ မင်း ယူလိုက်..."

မည်သို့ပင်ဆိုစေကာမူ၊ ယခုအခါတွင် ဝူယီဖန်သည် အတော်လေး ချမ်းသာနေပြီး ဖြစ်ကာ သယံဇာတ လိုအပ်ချက် မရှိတော့ချေ။ လီဖန်ထျန်းသည် သူ့ကို အင်မော်တယ် ဧကရာဇ် အဆင့်သို့ ဖောက်ထွက်ရန် လုံလောက်သော သယံဇာတများကို ပေးအပ်ထားပြီး ဖြစ်သည်။ သင်္ချိုင်းဖောက်ထွင်းခြင်းက သယံဇာတများ ရရှိရန်အတွက်သာ မဟုတ်ဘဲ သူ၏ စိတ်ဝင်စားမှုကို ဖြည့်ဆည်းရန်လည်း ဖြစ်သည်။ အမှန်အားဖြင့် ၊သင်္ချိုင်းဖောက်ထွင်းခြင်းသည် ဆိုးရွားသော အလုပ်တစ်ခုပင် ဖြစ်သည်။

ဝူယီဖန်၏ စကားကို ကြားသောအခါ တွမ့်သယ်၏ မျက်နှာသည် စိတ်လှုပ်ရှားမှုများဖြင့် လင်းလက်သွားသည်။ သူသည် လိုအပ်သော သယံဇာတများကို သူ၏ သိုလှောင်ကွင်းထဲသို့

သိမ်းဆည်းလိုက်ပြီးနောက် တောက်ပသော အနာဂတ်သည် သူ့ကို လက်ယပ်ခေါ်နေသည်ကို မြင်ယောင်မိသည်။

နှစ်ယောက်သား ခိုးရာပါ ပစ္စည်းများကို ခွဲဝေပြီးနောက် ဂူယီဖန်နှင့် တွမ့်သယ်တို့သည် သူတို့၏ နောက်ထပ် လှုပ်ရှားမှုကို စတင် ခွဲခြမ်းစိတ်ဖြာကြသည်။

"ငါတို့ ငါးနှစ်တိုင်တိုင် ပေါ်မလာခဲ့ဘူး... ပြီးတော့ ပေါ်လာတဲ့ အချိန်မှာလည်း လင်းမိသားစု ဘိုးဘေးကြီးရဲ့ သင်္ချိုင်းဂူ နှစ်ခုကို ငါတို့ ဖောက်ခဲ့ပြီးပြီ... လင်းမိသားစုရဲ့ နောက်ထပ် လှုပ်ရှားမှုက ကြီးမားလိမ့်မယ်လို့ ငါ စိုးရိမ်တယ်... ပြီးတော့ သူတို့က အင်မော်တယ် အရှင်မြတ် အဆင့်ရှိတဲ့ စွမ်းအားရှင်တွေကိုတောင် လွှတ်ကောင်း လွှတ်နိုင်တယ်... ဒါကြောင့် ဖြစ်နိုင်ခြေ အားလုံးအတွက် ငါတို့ ပြင်ဆင်ထားဖို့ လို

တယ်..."

ဂူယီဖန်သည် လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

"အင်မော်တယ် ဧကရာဇ် တစ်ပါးကို လက်သီး တစ်ချက်တည်းနဲ့ သတ်နိုင်တယ် ဆိုပေမဲ့ အင် မော်တယ် အရှင်မြတ် တစ်ပါးနဲ့ ရင်ဆိုင်ရရင် တော့ ငါတောင် ထွက်ပြေးရုံပဲ တတ်နိုင်မှာ"

ထိုစဉ်၊ ဘေးတွင် ရပ်နေသော တွမ့်သယ်က လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။

"ကိစ္စမရှိဘူး... သူတော်စင်... အခု မင်းကို ကူညီဖို့ ကံကြမ္မာဖုံးကွယ် ဆန်းကြယ်ပုလဲ ရှိနေ ပြီဆိုတော့ အင်မော်တယ် အရှင်မြတ်တောင်မှ ငါတို့ရဲ့ တည်ရှိမှုကို ထောက်လှမ်းနိုင်မှာ မဟုတ် ဘူး... ငါတို့ သတိထားပြီး ပတ်ဝန်းကျင်ကို သေချာ စုံစမ်းကြည့်ကြတာပေါ့"

တွမ့်သယ်သည် ကံကြမ္မာဖုံးကွယ် ဆန်းကြယ်

ပုလဲ အကြောင်း ပြောလိုက်သည်ကို ကြား သောအခါ ဝူယီဖန်သည် တစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားပြီး စပ်စုလိုသော အကြည့်များဖြင့် မေးလိုက်သည်။

"ဒါနဲ့... ငါ မင်းကို မမေးရသေးဘူးနော်... ဒီ ကံကြမ္မာဖုံးကွယ် ဆန်းကြယ်ပုလဲကို မင်း ဘယ် က ရခဲ့တာလဲ"

ဝူယီဖန်သည် ဤအရာကို မေးချင်နေခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဘိုး ဘေးကြီးကိုယ်တိုင် လာရောက်ကြည့်ရှုရ လောက်သည့် ရတနာတစ်ခုမှာ သေချာပေါက် သာမန်မဟုတ်သည့် အရာတစ်ခု ဖြစ်ရမည် ဖြစ် သော်လည်း၊ သို့သော် ထိုအရာကို တွမ့်သယ်က ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ ဤသည်က ဝူယီ ဖန်ကို အတော်လေး သိချင်စေမိသည်။

ဝူယီဖန်၏ မေးခွန်းကို ကြားသောအခါ တွမ့်

သယ်၏ အမူအရာသည် မှိုင်းညို့သွားပြီး ၊ သူ၏ မျက်နှာပေါ်တွင် ဖုံးကွယ်၍ မရနိုင်သော ဝမ်းနည်းမှုများ ဖြစ်ပေါ်လာသော်လည်း ၎င်းကို အလျင်အမြန် ဖုံးကွယ်လိုက်ပြီး အတင်းပြုံးကာ ပြောလိုက်သည်။

"ဪ... သင်္ချိုင်းဖောက်တဲ့ ခရီးစဉ်တစ်ခုမှာ ဒီပစ္စည်းကို ငါ မတော်တဆ တွေ့ခဲ့တာပါ... အဲ့လိုမှ မဟုတ်ရင် သူတော်စင်... ငါက သင်္ချိုင်းဖောက်တာကို ဘာလို့ ဒီလောက်တောင် သဘောကျနေတယ်လို့ မင်း ထင်လဲ"

"အဲ့လိုလား... ငါ နားလည်ပြီ"

တွမ့်သယ် လိမ်နေကြောင်းကို ဝူယီဖန် သဘာဝကျကျပင် သိလိုက်သော်လည်း ဆက်လက် မေးခွန်းထုတ်ခြင်း မပြုဘဲ ပါးနပ်စွာဖြင့် ရှောင်ကြဉ်လိုက်သည်။

ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးပြီးနောက် တွမ့်

သယ်ကို သူ၏ ညီအစ်ကိုကောင်း တစ်ယောက် အဖြစ် သတ်မှတ်ခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ အကယ်၍ တွမ့်သယ်ဘက်မှ မပြောလိုပါက၊ သူသည် အတင်းအကျပ် ပြောခိုင်းမည် မဟုတ်ပေ။ တွမ့်သယ်သည် သူ့ကို ဒုက္ခပေးမည် မဟုတ်ကြောင်း သူ ယုံကြည်သည်။

"ကောင်းပြီ... ကောင်းပြီ... သူတော်စင်... ညီအစ်ကို... ငါတို့ သွားကြစို့... သင်္ချိုင်းဖောက်ဖို့ ငါ မစောင့်နိုင်တော့ဘူး"

တွမ့်သယ်သည် အကြောင်းအရာကို အလျင်အမြန် ပြောင်းလိုက်သလို ဂူယီဖန်ကလည်း မငြင်းဆန်ခဲ့ချေ။ သူ့ကိုယ်သူ သက်သေပြရန် တိုက်ပွဲတစ်ခု ဆင်နွဲဖို့ သူကိုယ်တိုင်လည်း စိတ်အားထက်သန်နေ၏။

"ကောင်းပြီ... သွားကြစို့..."

တစ်ချိန်တည်းမှာပင် ဖရိုဖရဲ ကမ္ဘာအတွင်း၌ ဂူ

ယိတောက်သည် ရွှေအင်မော်တယ် ကနဦး အဆင်မှ အထွတ်အထိပ်အဆင့်သို့ တက်လှမ်း သွားခြင်းသည် ဖရိုဖရဲ ကမ္ဘာ တစ်ခုလုံးကို ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေခဲ့သည်။

လန်ထျန်းယွီ၊ လီကျန်ကန်းနှင့် အခြားသူများ အနေဖြင့် တုံ့ပြန်ရန် အချိန်မရလိုက်မီမှာပင် ၊ သူတို့သည် ဖရိုဖရဲ ကမ္ဘာထဲမှ အပြင်သို့ ပို့ဆောင် ခံလိုက်ရသည်။

ရင်ပြင်ရှိ အကြီးအကဲများမှာ ဖရိုဖရဲ ခေါင်းလောင်းသည် နေရာ၌ လျှင်မြန်စွာ လည်ပတ်နေပြီး ကောင်းကင်ယံသို့ ပျံတက်သွား ကာ ဆူညံသံများ ဆက်တိုက် ထုတ်လွှတ်နေ သဖြင့် သံသယဖြင့် ကြည့်ရှုနေကြသည်။ မကြာမီ ဖရိုဖရဲ မြင့်မြတ်နယ်မြေရှိ တပည့်များနှင့် အကြီးအကဲများသည် တစ်စုံတစ်ခုကို သတိပြုမိ သွားပြီး သူတို့၏ မျက်နှာပေါ်တွင် အံ့အားသင့်မှု

များဖြင့် ပြည့်နှက်သွားတော့သည်။

"ဒါက မဟာတာအိုရဲ့ အသံပဲ... မြန်မြန်... ထိုင်ပြီး ဒီအသံကို ခံစားကြည့်ကြ..."

ကျောင်းရှောင်ယောင်သည် အံ့အားသင့်သွားပြီး ဖရိုဖရဲ မြင့်မြတ်နယ်မြေ၏ အထက်ကောင်းကင်ယံတွင် ပေါ်ထွက်လာကာ သူ၏ စကားသံသည် ဖရိုဖရဲ မြင့်မြတ်နယ်မြေ တစ်ခုလုံး၌ ပဲ့တင်ထပ်သွား၏။

ကျောင်းရှောင်ယောင် မပြောရင်တောင်မှ ဖရိုဖရဲ မြင့်မြတ်နယ်မြေမှ တပည့်များသည် ဤအသံ၏ ထူးခြားမှုကို ခံစားမိကြပြီး ၊ မဟာတာအို၏ အသံကို စတင် နားလည်သဘောပေါက်ရန် ထိုင်ချလိုက်ကြသည်။

နောက်တစ်စက္ကန့်တွင် ဖရိုဖရဲ မြင့်မြတ်နယ်မြေမှ အင်မော်တယ် ဧကရာဇ် အဆင့်ရှိ စွမ်းအားရှင်များသည် ရင်ပြင်၌ ပေါ်လာကြပြီး

ကောင်းကင်ယံရှိ ဖရိုဖရဲ ခေါင်းလောင်းကို လေးနက်တည်ကြည်သော အမူအရာများဖြင့် ကြည့်လိုက်ကြ၏။

"ဖရိုဖရဲ ခေါင်းလောင်းက မဟာတာအိုရဲ့ အသံကိုတောင် ထုတ်လွှတ်နိုင်လောက်တဲ့အထိ ဘာတွေများ ဖြစ်ပျက်သွားတာလဲ..."

မဟာအကြီးအကဲသည် လေးနက်သော အမူအရာဖြင့် ပြောလိုက်၏။ မဟာတာအို အသံဟူသည် ကောင်းချီး တစ်ခုနှင့် ဆင်တူသည်။ မဟာတာအို အသံအောက်တွင် ကျင့်ကြံခြင်း အရှိန် သို့မဟုတ် နားလည်နိုင်စွမ်း အရှိန်သည် အဆတစ်သောင်း တိုးမြင့်လာမည် ဖြစ်၏။

အကယ်၍ တစ်စုံတစ်ယောက်သည် မဟာတာအို၏ အသံကို ကြားနိုင်မည်ဆိုပါက အင်မော်တယ် အရှင်မြတ် သို့မဟုတ် အင်မော်တယ် မဟာဧကရာဇ် ပင်လျှင် အချိန်တိုအတွင်း သိသာ

ထင်ရှားသော တိုးတက်မှု တစ်ခုကို သေချာပေါက် ရရှိနိုင်ပေလိမ့်မည်။

"သူတော်စင်ကလွဲပြီး လူတိုင်း ထွက်လာကြပြီ... သူတော်စင်က ဒီကိစ္စကို ဖြစ်စေခဲ့တာ ဖြစ်လောက်တယ်... ဘာပဲဖြစ်ဖြစ် ဖရိုဖရဲ ခေါင်းလောင်းကို ကိုးကြိမ် မြည်အောင် လုပ်နိုင်တဲ့ သူတော်စင်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ ငါ စဉ်းစားလို့ မရဘူး..."

ရင်ပြင်၌ ပေါ်ထွက်လာသော တပည့်အရေအတွက်မှာ အလွန် နည်းပါးသည်ကို ကျောင်းရှောင်ယောင်သည်လည်း သတိပြုမိပြီး ၊ ၎င်းတို့အနက် ဝူယိတောက်မှလွဲ၍ အခြား မည်သူကမျှ ဤဆူညံသံကို ဖြစ်ပေါ်စေနိုင်မည်ဟု သူ မယုံကြည်ပေ။

ဤအခိုက်အတန့်တွင် ၊ ဝူယိတောက်သည် ဖရိုဖရဲ ကမ္ဘာထဲတွင် ရှိနေသေး၏။ သူ၏ မျက်စိ

ရှေ့တွင် ရွှေရောင် အလင်းတန်းများစွာ ထွက်ပေါ်လာပြီး ဝူယိတောက်၏ ရှေ့၌ ဖြည်းညင်းစွာ စုစည်းသွားကာ မိန်းကလေး တစ်ဦးအဖြစ် ပြောင်းလဲသွားသည်။

ဝူယိတောက် မျှော်လင့်မထားခဲ့သည့် အချက်မှာ ထိုမိန်းကလေးသည် ပါးစပ်ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကို မြင်မြင်ချင်း စိတ်လှုပ်ရှားစွာဖြင့် ပြောလာခြင်းပင် ဖြစ်သည်။

"သခင်... အဲဒါ အရှင်လား... နောက်ဆုံးတော့ အရှင် ပြန်လာပြီပဲ..."

ဝူယိတောက်: ???

သူ့ရှေ့ရှိ မိန်းကလေးနှင့် ပတ်သက်၍ ၊ ဝူယိတောက်သည် သူမနှင့် ပတ်သက်သော မည်သည့် အတွေး သို့မဟုတ် မည်သည့်မှတ်ဉာဏ်မျှ မရှိကြောင်း၊ ထို့အပြင် သူသည် သူမကို တစ်ခါမှ မမြင်ဖူးကြောင်းနှင့် ကလေးကြိုက်သူ တစ်

ယောက် မဟုတ်ကြောင်း ထုတ်ပြောနေချင်မိသည်။

"အပဟမ်း... မိန်းကလေး... မင်း လူမှားနေပြီထင်တယ်... မင်းကို ငါ မသိဘူး..."

ဝူယိတောက်သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက် လေးနက်တည်ကြည်စွာ ပြောလိုက်၏။

သို့သော်လည်း သူ့ရှေ့က မိန်းကလေးသည် အရာအားလုံးကို လျစ်လျူရှုကာ စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်သည်။

"ဖရိုဖရဲက ဒီနေရာမှာ နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့ရတာပါ... နောက်ဆုံးတော့ သခင်ကို ရှာတွေ့သွားပြီပဲ... ပြန်လည် ကြိုဆိုပါတယ် သခင်..."

ဝူယိတောက်အနေဖြင့် တုံ့ပြန်ရန် အချိန်မရလိုက်မီမှာပင် မိန်းကလေး၏ ခန္ဓာကိုယ်ထဲမှ

အလင်းလုံး တစ်လုံးက ပျံထွက်လာပြီး ဂူယိတောက်၏ ခန္ဓာကိုယ်ထဲသို့ တိုက်ရိုက် ဝင်ရောက်သွား၏။

ငင်းသည် ဂူယိတောက်၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသည့် တစ်ခဏမှာပင် ဂူယိတောက်၏ မျက်လုံးများသည် အံ့အားသင့်မှုကြောင့် ပြူးကျယ်သွားသည်။ ဖရိုဖရဲခေါင်းလောင်း၏ ထိန်းချုပ်ခြင်းကို ခံရလိမ့်မည်ဟု သူ မျှော်လင့်မထားခဲ့သလို ၊ ဖရိုဖရဲခေါင်းလောင်း၏ အဆင့်သည် သာမန် နတ်ဘုရား မှော်လက်နက်များထက် များစွာ သာလွန်နေပြီး အင်မော်တယ် မဟာဧကရာဇ် မှော်လက်နက် အထက်တွင် ရှိနေကြောင်းကိုလည်း သိရှိလိုက်ရသည်။

***